
mgyoe.com SAMPLE BOOK




# နိုင်းနိုင်းစနေ

## အချိန်နဲ့အတူ
## ပျောက်ကွယ်သွားတဲ့ ဆူး

mgyoe.com

mgyoe.com
SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၂၉)

ပုံနှိပ်မှတ်တမ်း

စာမူ မူပိုင် - စာရိပ်မြိုင်



# နိုင်းနိုင်းစနေ

## အချိန်နဲ့အတူ ပျောက်ကွယ်သွားတဲ့ ဆူး


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ

မျက်နှာဖုံးဒီဇိုင်း ♦ အောင်လင်းထွန်း

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀

စာအုပ်တန်ဖိုး ♦ ၆၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း၊
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

နိုင်းနိုင်းစနေ
အချိန်နဲ့အတူ ပျောက်ကွယ်သွားတဲ့ ဆူး / နိုင်းနိုင်းစနေ။ ရန်ကုန်။
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၁၂၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၂၉) အချိန်နဲ့အတူ ပျောက်ကွယ်သွားတဲ့ ဆူး


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ အချိန်နဲ့အတူ ပျောက်ကွယ်သွားတဲ့ ဆူး ၅
၂။ ဘာကြောင့် မချစ်တာလဲ ၇
၃။ ချစ်ခြင်းမေတ္တာ ဘယ်တော့ခါမှ မတိုးတက်ခဲ့ဖူးပါ ၁၀
၄။ စန္ဒာလပေါ်က လိပ်ပြာ ၁၅
၅။ လိပ်ပြာတစ်ကောင်ရဲ့သတ္တိ ၂၀
၆။ စိတ်ကူးအိပ်မက် တောင်ပံကိုဖြန့်လို့ ၂၃
၇။ မျှော်လင့်ခြင်းအင်အား ၂၅
၈။ စိတ်စာတိုက်ပုံးကို ရှင်းလင်းမယ် ၂၇
၉။ ကလေးဘဝကကိုယ့်ကို ကျွန်တော်ပွေ့ဖက်ချင်တယ် ၃၁
၁၀။ သိုးမည်း ၃၇
၁၁။ မိသားစု ၄၀
၁၂။ ဘဝအဖုံဖုံ ၄၆
၁၃။ ရင်တွင်းနာ ၅၁
၁၄။ စိုးရိမ်ပူပန်ကြည့်နဲ့ စပ်စုစိတ် ၅၄


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁၅။ | ဟောက်သံ | ၅၈ |
| ၁၆။ | နောက်တစ်ကြိမ် တွေ့ကြတဲ့အခါ | ၆၁ |
| ၁၇။ | ဂျက်ကီချန်း | ၆၄ |
| ၁၈။ | သင်ဟာသင့်သန့်စွမ်းရာ | ၇၀ |
| ၁၉။ | ဘဝဟာ စာအုပ်တစ်အုပ်ဆိုပါစို့ | ၇၆ |
| ၂၀။ | 'မြေအောက်' စာအုပ်ရောင်းစဉ်က | ၈၁ |
| ၂၁။ | ယောက်ျား မိန်းမတို့ရဲ့ ဘဝစည်းမျဉ်း | ၈၅ |
| ၂၂။ | မေမေ လုံးဝ မသင်ခဲ့တာတွေ | ၉၀ |
| ၂၃။ | ကြည်လင်တဲ့ မျက်ဝန်းပိုင်ရှင် | ၉၃ |
| ၂၄။ | မရေမတွက်နိုင်တဲ့ လမင်း | ၁၀၀ |
| ၂၅။ | အမေရိကားမှာ မူးပြီးမောင်းတဲ့အခါ | ၁၀၄ |
| ၂၆။ | အမေရိကန် မိန်းမချော | ၁၀၈ |
| ၂၇။ | ဇိမ်ခံပစ္စည်းနဲ့ အမေရိကန်လူမျိုးရဲ့ စိတ်ထား | ၁၁၀ |
| ၂၈။ | သူဌေးကတော်တွေက ဘယ်သူတွေဖြစ်မလဲ | ၁၁၇ |


mgyoe.com

mgyoe.com SAMPLE BOOK

# အချိန်နဲ့အတူ ပျောက်ကွယ်သွားတဲ့ ဆူး

အသည်းကွဲရင် နှစ်သိမ့်ရမယ်ဆိုတာကို ကျွန်တော် သဘောမတူရခြင်း အကြောင်းရင်းက တကယ်လို့ ထုံကျင်သွားလောက်တဲ့အထိ မနာရင် တစ်ချိန်လုံး နာနေရမယ် ဆိုတဲ့အတွက်ကြောင့်ပါပဲ။

တစ်နှစ်က ပင်လယ်ကမ်းစပ်သွားလည်တော့ ကျွန်တော် ရေဆင်း ကူးတယ်။ ရေကူးနေရင်း ကျွန်တော့်ခြေထောက် သံပခြုပ် စူးသွားတယ်။ ခြေချောင်း မှာ ဆူးရှည်ကြီးတစ်ချောင်း စူးနေလို့ စက်လှေရှိရာဘက် ကျွန်တော် ပြန်ကူး လာတယ်။ လှေပေါ်မှာ ကျွန်တော့်လိုပဲ သံပခြုပ်စူးခံထားရတဲ့ နိုင်ငံခြားသား ကောင်မလေး တစ်ယောက်ကို လှေသမားက ကုပေးနေတယ်။ လှေသမားက ဖန်ပုလင်းတစ်လုံးနဲ့ အဲဒီကောင်မလေးရဲ့အနာကို ထုထုနေတာ ကျွန်တော် တွေ့ လိုက်တယ်။ ကောင်မလေးရဲ့ပုံစံက နာလွန်းတာကို ကျိတ်မှိတ်ခံရာကနေ တဖြည်း ဖြည်း သက်သာတဲ့အသွင် ပြောင်းသွားတာမို့ ကျွန်တော်လည်း စိုးရိမ်စိတ် သိပ် မဖြစ်ခဲ့ဘူး။

ကျွန်တော့်အလှည့် ရောက်တော့ လှေသမားက နာနေတာကို သည်းခံပါ။ ဒါက အကောင်းဆုံးနည်းပါလို့ အင်္ဂလိပ်လို မပီကလာ ပြောပြီး ကျွန်တော့် ခြေ ထောက်က အနာကို ဖန်ပုလင်းနဲ့ ထုတော့တာပါပဲ။ တစ်ချက်၊ နှစ်ချက်၊ သုံးချက် အားကုန် သူ ထုပါတယ်။ သွေးတွေလည်း ထွက်တယ်။ ဒါပေမဲ့ စူးနေတဲ့ ဆူးက

mgyoe.com

ထွက်လာမယ့်ဟန် မပေါ်ပါဘူး။ ထူးတော့ ထူးဆန်းပါတယ်။ ဆူးမထွက်ပေမယ့် ဆယ်ချက်ကျော်လောက် ထုပြီးနောက် ကျွန်တော့်ခြေထောက်က ထုံကျင်လာပြီး နာတာလည်း ဖြည်းဖြည်းချင်း သက်သာလာတယ်။ လှေသမားက နာသေးလား မေးတော့ မနာတော့ကြောင်း သူ့ကို ကျွန်တော် ခေါင်းခါပြလိုက်တယ်။ အဲဒီနောက် သူက အိုကေလို့ ဆိုပြီး ကျွန်တော့်ခြေထောက်ကို အောက်ချပေးပြီး လက်မထောင်ပြတယ်။

လှေသမားကိုကြည့်ပြီး ကျွန်တော် တွေဝေသွားတယ်။ ခြေဟန်လက်ဟန်နဲ့ ဘာလို့ ခြေထောက်ထဲက ဆူးကို မထွင်ပေးတာလဲလို့ မေးလိုက်တယ်။ သူက ရယ်ပြီး လက်ဟန်နဲ့ ဒီလိုပဲ နာတာပျောက်သွားရင် ဆူးရှိနေရင်လည်း နာတယ် မထင်ရတော့ဘူးလို့ ပြောတယ်။

ကိုယ့်နိုင်ငံကို ကျွန်တော် ပြန်လာပြီးနောက် ဒီကိစ္စကို ကျွန်တော် တဖြည်းဖြည်း မေ့သွားခဲ့တယ်။ လအနည်းငယ်ကြာမှ ခြေထောက်မှာ သံပခြုပ်ဆူးတစ်ချောင်း ရှိနေပါလားဆိုတာကို ရုတ်တရက် ကျွန်တော် သတိပြန်ရလာတယ်။ ဆူးကို လိုက်ရှာကြည့်တော့ မတွေ့တော့ဘူး။ ခန္ဓာကိုယ်က စုပ်ယူထားလိုက်သလိုပဲ လူကို အံ့သြစေတယ်။ အင်တာနက်ပေါ် တက်ပြီး အဖြေကိုရှာကြည့်မှ ပင်လယ်ဘေးနေသူတွေဟာ သံပခြုပ်စူးခံရရင် အဲဒီဆူး အဆိပ်မပြန့်အောင် ဆူးကို အမြန်ဆုံး ရိုက်သတ်ပစ်လိုက်ကြတယ်ဆိုတာ သိရတယ်။ ဒီလိုမှ ဆူးဟာ ခန္ဓာကိုယ်တွင်းရှိနေရင်တောင် အချိန်နောက်လိုက်ပြီး ခန္ဓာကိုယ်က စုပ်ယူသွားတော့တယ်။

မနာကျင်ရခြင်း အမျိုးမျိုး ရှိတယ်။ တစ်မျိုးက အနာပျောက်သွားလို့၊ အခြားတစ်မျိုးက နာလွန်းလို့ ဘာမှန်းမသိတော့တာပါ။ နာလွန်းလို့ ထုံကျင်သွားပြီး အဲဒီလောက် မနာတော့ဘဲ ပျောက်သွားတာ။ ကြည့်လိုက်ရင် အမာရွတ်ပဲကျန်ပြီး နာတဲ့ ခံစားချက် မရှိတော့တာ ဖြစ်တယ်။ တချို့ အနာကျတော့ နည်းနည်းတော့ ထုံတယ်။ ဒါပေမဲ့ ချစ်တဲ့ အရည်အချင်းအားလုံးကို နာကျင်မှုပေါ် မှာပဲ အာရုံစိုက်လိုက်တယ်။ ကိုယ့်မှာ အနာကို ကုသနိုင်စွမ်း ရှိတယ်ဆိုတာကို သင် ယုံကြည်ပါ။ ရင်ထဲမှာ ဆူး ရှိနေပေမယ့် မနုတ်ပစ်ခဲ့ရင်လည်း ဒီဆူးဟာ အချိန်နဲ့အတူ ပျောက်ကွယ်ပြီး နောက်ဆုံးမှာ မနာတတ်တော့ဘူးဆိုတာ သိထားလိုက်ပါ။

*မူရင်းရေးသားသူ... Liu Tong*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## ဘာကြောင့် မချစ်တာလဲ

Harold တစ်ယောက် လမ်းလျှောက်နေချိန်အတွင်း နောက်ကြောင်းကို သူ အမြဲစဉ်းစားတယ်။

ဘယ်အချိန်ကစပြီး မိန်းမကို သူ နမ်းတဲ့အခါ ဘာကြောင့် ပါးစပ်မဟတော့တာလဲ သူ စဉ်းစားတယ်။ သူ့မိန်းမ Maureen က ဟင်းမျိုးစုံချက်နည်းစာအုပ်ကို လွှင့်ပစ်ပြီး နောက်ဖေးဥယျာဉ်ကိုလည်း မပြုစုတော့ဘူး။ ဧည့်ခန်းဘက် ပြောင်းအိပ်သွားပြီ။ အိမ်ခန်းကိုလည်း ခန်းဆီးစထူထူတွေ ကာလိုက်တယ်။ Harold ကြိုးစားပြီး ပြန်စဉ်းစားကြည့်တယ်။ ဒါဟာ ဘယ်အချိန်က စခဲ့သလဲပေါ့။ ဒီကိစ္စက အိမ်ထဲမှာ ထိုင်နေရင် သူ မစဉ်းစားဖြစ်တဲ့ ပြဿနာပါ။ ပြန်လည်း မစဉ်းစားရဲတဲ့ နောက်ကြောင်းဖြစ်တယ်။ ဒါတွေက လမ်းဘေးမှာ လွတ်လွတ်လပ်လပ်ပေါက်နေတဲ့ နွယ်ပင်နွယ်ပန်းတွေလို လမ်းလျှောက်နေချိန်မှပဲ သူ့ခေါင်းထဲ အလိုလို ပေါ်လာတတ်တာဖြစ်တယ်။ 'The Unlikely Pilgrimage of Harload Fly' စာအုပ်ထဲက Harold ဟာ အသက် ၆၅ နှစ်ရှိတဲ့ အင်္ဂလိပ်လူကြီးပါ။ အနှစ် ၂၀ လောက် အဆက်အသွယ်ပြတ်နေတဲ့ သူငယ်ချင်း Queenie ဆီက စာရတဲ့နောက် Queenie မှာ ကင်ဆာရောဂါ ရှိနေပြီဆိုတာကို သူ သိလိုက်တယ်။ Queenie က သိပ်မနေရတော့လို့ စာရေးပြီး နှုတ်ဆက်တာပါလို့ ဆိုတယ်။ လွန်ခဲ့တဲ့ နှစ် ၂၀ တုန်းက သူ့ကို Queenie ကူညီခဲ့ဖူးတာကို Harold သတိရလိုက်တယ်။ ဒီလိုနဲ့ လက်ထဲကအလုပ်ကို ချပြီး 'ကျေးဇူး

mgyoe.com

တင်စကားတောင်မပြောဖြစ်ခဲ့တဲ့ Queenie ဆီ ပြန်မယ့်ပြန်စာကိုကိုင်ပြီး စာတိုက်ပုံးတွေ တစ်ခုပြီးတစ်ခု သူ ဖြတ်ကျော်ခဲ့တယ်။ မိုင် ၆၂၇ ခရီးကို ၈၇ ရက် လမ်းလျှောက်ပြီး Queenie ရဲ့ လူနာခုတင်ဘေးအထိ သူ အရောက်သွားခဲ့တယ်။

အခြား စာအုပ်တစ်အုပ်မှာ ရေးထားတာက အသက် ၇၀ အရွယ် စိတ်တိုဒေါသကြီးတဲ့ အမေရိကန်အဘိုးအို တစ်ယောက်ဟာ အစ်ကိုဖြစ်သူ ရောဂါအသည်းအသန်ဖြစ်နေကြောင်း သတင်းရတော့ သူတို့ ညီအစ်ကိုနှစ်ယောက်ဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ခန့်က ကိစ္စသေးသေးနဲ့ ကတောက်ကဆဖြစ်ပြီး မခေါ်ဖြစ်ခဲ့ကြတော့တာကို သတိရလိုက်တယ်။ အဲဒီနောက် အဘိုးအိုဟာ အိမ်က မြက်ရိတ်စက်အစုတ်ကို ရက်သတ္တပတ် ၇ ပတ်ကြာ မောင်းပြီး အိမ်နဲ့ မိုင်၇၀၀ ကျော်ဝေးတဲ့ ဝစ္စကွန်းဆင်းပြည်နယ်ကို သွားခဲ့တယ်။

ခပ်ဆင်ဆင်ဇာတ်လမ်းရှိတဲ့ ဒီဇာတ်လိုက် အဘိုးအိုနှစ်ဦးဟာ သူတို့နည်းသူတို့ဟန်နဲ့ မြင့်မြတ်ရာဆီ သွားခဲ့ကြတယ်။ တကယ်လို့ သူတို့ဟာ ဒီလမ်းကို အောင်အောင်မြင်မြင် လျှောက်နိုင်ခဲ့ရင် လူနာခုတင်ပေါ်က အဲဒီ လူဟာလည်း တောင့်ခံနိုင်လိမ့်မယ်လို့ သူတို့ စွဲမြဲယုံကြည်ခဲ့တယ်။ သူတို့ဟာ လမ်းတစ်လျှောက်မှာ လူပေါင်းစုံနဲ့ တွေ့ကြုံခဲ့ရသလို အခြားလူရဲ့ အဖြစ်အပျက်တွေကိုလည်း ကြားခဲ့ရတယ်။ ကိုယ့်အဖြစ်ကိုလည်း သူတို့ ပြောခဲ့ကြတယ်။ သူစိမ်းတွေရဲ့ရှေ့မှာ ကိုယ်ကိုယ်တိုင်နဲ့ မတူတဲ့ အခြားတစ်ခြမ်း ဒါမှမဟုတ် ဆုံးရှုံးသွားတာ ကြာပြီဖြစ်တဲ့ အခြားတစ်ခြမ်းကို ထုတ်ပြခဲ့ရလို့လည်း Harold ရင်ခုန် လှုပ်ရှားခဲ့တယ်။ တကယ်လို့ အရင်တုန်းက သူ့ရွေးချယ်မှုဟာ အခြားတစ်မျိုးဖြစ်ခဲ့ရင် သူဟာလည်း 'သူဖြစ်ချင်တဲ့လူမျိုး' ဖြစ်နေလောက်ပြီလို့တောင် သူ ထင်မိခဲ့တယ်။ ဒီလို ခံစားချက်က သူ့ကို အသစ်တစ်ဖန် မွေးဖွားပေးလိုက်သလိုပါပဲ။ အဲဒီကမှ သူဟာ ဇနီးဖြစ်သူ Maureen နဲ့ ချစ်စကြင်စ ကြည်နူးချိန်ကို သတိရလိုက်မိတယ်၊ သားကို မပွေ့ဖက်ခဲ့ဖူးတာတွေအတွက် နောင်တရမိတယ်။

သူစိမ်းတစ်ရံတွေဆိုတာ ကြည့်မှန်အချပ်ချပ်လိုပါပဲ။ သူတို့ရဲ့ ကိုယ်ပေါ်ကနေ ဖြစ်နိုင်ချေအသစ်ကို ကျွန်မတို့ တွေ့မြင်နေရသလို ကုန်လွန်သွားတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ကျွန်မတို့ မြင်နေရတယ်။

ကိစ္စသေးသေးမွှားမွှားနဲ့ အမြဲရန်ဖြစ်ကြတဲ့ မြက်ရိတ်စက်နဲ့ အဘိုးအိုက 'ဒီလောကမှာ ဘယ်သူကမှ ကိုယ်နဲ့အတူကြီးပြင်းတဲ့ ညီအစ်ကိုလောက် ကိုယ့်ကိုနားလည်တဲ့သူမရှိဘူး။ ဘယ်သူကမှလည်း သူ့ကို ကိုယ့်လောက်နားမလည်နိုင်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က အစ်ကိုနဲ့အတူ ဟိုးလွန်ခဲ့တဲ့ နှစ်တွေတုန်းကလို ကြယ်တွေပြည့်နေတဲ့ ကောင်းကင်ကို ငေးကြည့်ပြီး ကျွန်တော်တို့ အိပ်ပျော်သွားတဲ့အထိ စကားစမြည် ပြောချင်တာပါ' လို့ ပြောတယ်။

သူစိမ်းတရံတို့ရဲ့ ပုံပြင်ဇာတ်လမ်းတော်တော်များများကို နားထောင်ပြီးတဲ့နောက် လမ်းတစ်လျှောက်မှာတွေ့ခဲ့တဲ့ သူစိမ်းတိုင်းဟာ တမူထူးပေမယ့် တူညီနေကြပြန်တယ်လို့ Harold ကပြောတယ်။ လူတိုင်းဟာ ပိုင်ဆိုင်နေချိန်မှာ တန်ဖိုးထားရကောင်းမှန်း မသိဘဲ ဆုံးရှုံးသွားတဲ့ အရာကိုကျတော့ တသသ ဖြစ်နေကြတယ်။ ကျွန်မတို့ ရှိသင့်တဲ့ ပျော်ရွှင်တဲ့ဘဝက တုံ့နှေးမှု၊ စိတ်အခန့်မသင့်မှုတွေကြောင့် လက်လွှတ် ဆုံးရှုံးသွားနိုင်ကြောင်းကို ကျွန်မတို့ ဘဝခရီးလမ်းထဲ ဖြတ်လျှောက်သွားကြတဲ့ ဒီလူတွေက ကျွန်မတို့ကို သတိပေးနေခဲ့ပါတယ်။

လူ့ဘဝခရီးလမ်းကို နောက်တစ်ကြိမ် ဖြတ်သန်းနိုင်တဲ့ အခွင့်အရေး လူတိုင်း ရကြတာ မဟုတ်ပါဘူး။ အားနာမှု၊ ဆုံးရှုံးမှုကို ပြန်ဖာထေးနိုင်ကြတာ မဟုတ်ပါဘူး။ ဘဝထဲက တန်ဖိုးရှိတဲ့ အရာကို ပြန်လည်ရှာဖွေလို့ ရနိုင်တာ မဟုတ်ပါဘူး။ အဓိကအချက်က ချစ်နိုင်တဲ့အရွယ်မှာ ကျွန်မတို့ ဘာကြောင့် မချစ်ကြတာလဲ။ အချိန်မမီတော့ဘူးလို့ မပြောပါနဲ့။ သင်သာ ဆန္ဒရှိရင် အရာအားလုံး အချိန်မီပါသေးတယ်။

*မူရင်းရေးသားသူ... Li Xiaomao*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ချစ်ခြင်းမေတ္တာ ဘယ်တော့ခါမှ မတိုးတက်ခဲ့ဖူးပါ

ဂျပန် Sapporo ဆေးတက္ကသိုလ် အရိုးကုဌာနမှာ ကျွန်တော် ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ရှင်တာ၊ သေတာတွေ ကျွန်တော် အများကြီး တွေ့ခဲ့တယ်။ ခွဲစိတ်တာတွေလည်း အများကြီး တွေ့ခဲ့တယ်။ သေခြင်းတရားနဲ့ ကျွန်တော် ထိတွေ့ရချိန်မှ ရှင်သန်ခြင်းတန်ဖိုးကို ကျွန်တော် သိမြင်လာခဲ့တယ်။ လူတွေကို ကျွန်တော် စပြီး နှစ်သက်လာတယ်။ ဒီလိုနဲ့ လူနဲ့ ပတ်သက်တဲ့စာတွေ ကျွန်တော် စပြီး လေ့လာ၊ ဖန်တီးတော့တယ်။

ကင်ဆာရောဂါသမား (အဲဒီတုန်းက ကင်ဆာဟာ ကုလို့မရတဲ့ ရောဂါပါ) ဟာ ညနက်သန်းခေါင် ရောဂါဖောက်လာတဲ့အချိန်မှာ လူနာအလိုအပ်ဆုံး တစ်ခုတည်းသောအရာက ချစ်ခြင်းမေတ္တာဆိုတာကို ကျွန်တော် သတိထားလာခဲ့မိတယ်။ လူတစ်ယောက်ဟာ ရောဂါဝေဒနာကြား ရုန်းကန်နေရချိန် သူ့ကိုချစ်တဲ့လူတစ်ယောက်က စိုးရိမ်ကြောက်ရွံ့စိတ်ကြောင့် တုန်ယင်နေတဲ့ သူ့လက်ကို ဆုပ်ကိုင်ပေးထားရင် လူနာကို ကြီးမားတဲ့ စိတ်သက်သာမှု၊ နှစ်သိမ့်မှုကိုဖြစ်စေတယ်။ ကျွန်တော် ရေးတဲ့ စာအများစုကလည်း ချစ်ခြင်းမေတ္တာရဲ့နက်ရှိုင်းမှု၊ ချစ်ခြင်းမေတ္တာရဲ့ကြောက်ရွံ့မှု၊ ချစ်ခြင်းမေတ္တာရဲ့ အားကိုးရာမဲ့တွေ ဖြစ်ခဲ့တယ်။

ချစ်ခြင်းမေတ္တာက အင်မတန် ဂုဏ်သရေရှိတဲ့ ခေါင်းစဉ်တစ်ခုပါ။ တကယ်လို့ နိုင်ငံရေး ဒါမှမဟုတ် စီးပွားရေးပညာရှုထောင့်ကနေ လူကိုကြည့်တဲ့အခါ လူ

mgyoe.com

ဟာ သေးနုပ်လွန်းပါတယ်။ နိုင်ငံရေးဝတ္ထု၊ သိပ္ပံဝတ္ထု၊ စီးပွားရေးဝတ္ထုတွေက အချိန်ကုန်ဆုံးသွားတာနဲ့အမျှ ပျောက်ကွယ်သွားပါတယ်။ ဒါပေမဲ့ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်တဲ့ ဝတ္ထုက ထာဝစဉ် မပြောင်းလဲပါဘူး။

ဂျပန်စာအုပ်တစ်အုပ်ဖြစ်တဲ့ 'The Tale of Genji' စာအုပ်က နှစ်ပေါင်းတစ်ထောင် ကျော်တာတောင် အမျိုးသား၊ အမျိုးသမီးတိုင်း ဖတ်သင့်တဲ့စာအုပ်ဖြစ်နေပါသေးတယ်။ ဒီဝတ္ထုစာအုပ်က အင်မတန် လူကြိုက်များပါတယ်။ ယနေ့ခေတ်လူတွေ ရှေးစာပေကို ဖတ်ရှုချိန်မှာ အဲဒီခေတ် အချိန်အခါ ဘဝနေထိုင်နည်းနဲ့ အဆောက်အဦးပုံစံကို နားလည်နိုင်မှာ မဟုတ်ပေမယ့် လူတစ်ယောက်နဲ့ ပတ်သက်တဲ့ ချစ်ခြင်း၊ ခွဲခွာခြင်း၊ ဝမ်းနည်းပူဆွေးခြင်း၊ ပျော်ရွှင်ကြည်နူးခြင်း စတဲ့ လူလူချင်းကြား ပတ်သက်ဆက်နွယ်မှုကို ဖတ်ရတဲ့အခါ ကျွန်တော်တို့ဟာ ကိုယ့်စိတ်ခံစားချက်နဲ့အညီ အဲဒီ ရှေးစာပေထဲက အဖြစ်အပျက်ကို ခံစား သိရှိနိုင်ကြပါတယ်။

လူ့ဘောင်လူ့လောကက နှစ်ပေါင်းထောင်ကျော်အတွင်းမှာ အရှိန်အဟုန်နဲ့ တိုးတက်နေပါတယ်။ ဒါပေမဲ့ အရာတစ်မျိုးကတော့ လုံးဝ တိုးတက်မနေခဲ့ပါဘူး။ အဲဒီအရာကတော့ လူလူချင်းကြားက ချစ်ခြင်းမေတ္တာဖြစ်ပါတယ်။ သဘာဝသိပ္ပံက အဆက်မပြတ် ရှေ့သို့ ချီတက်နေပါတယ်။ ဒါပေမဲ့ ချစ်ခြင်းလောကမှာတော့ အဲဒီလို ဖြစ်မနေခဲ့ပါဘူး။

သာဓကအနေနဲ့ ပြောရရင် အသက်အရွယ် ရလာပြီဖြစ်တဲ့ ကျွန်တော့်မှာ ချစ်ခြင်းနဲ့ ပတ်သက်တဲ့ အသိတရား တစ်စုံတရာ ရှိခဲ့ပါပြီ။ ဒါပေမဲ့ ကျွန်တော် သေဆုံးသွားတဲ့အခါ ကျွန်တော့်သားက ကျွန်တော့်ရဲ့ အသိတရားနဲ့ သူ့ချစ်ခြင်းကမ္ဘာကို အခြေခိုင်အောင် တစ်ဆင့် တိုးတက်ဖို့ လုပ်မှာ မဟုတ်ပါဘူး။ သူလည်း ဆယ်ကျော်သက်ဘဝက စရမှာပါပဲ။ ပြီးမှ ရင်ခုန်လှုပ်ရှားတဲ့ အရွယ်ကနေ ရင့်ကျက်တဲ့ အရွယ်ထိ ဖြတ်သန်းရမှာဖြစ်တယ်။ ကျွန်တော့်အရွယ်ကို သူ ရောက်လာတဲ့အခါ သူလည်း သေဆုံးမယ်။ အဲဒီအခါ သူ့သားမြေးမြစ်တွေက သူ လျှောက်ခဲ့တဲ့လမ်းအတိုင်း တစ်ကျော့ ပြန်လျှောက်ကြမယ်။ သူဟာ ကိုယ်တိုင် ဖန်ဆင်းရမယ်၊ ကိုယ်တိုင် ရှာဖွေရမယ်။ တစ်ချိန်တည်းမှာပဲ အဲဒီထဲကနေ သူ့ကိုယ်သူလည်း ရှာဖွေရမှာ ဖြစ်တယ်။ ဒါကြောင့် အသည်းကွဲမှာကို မကြောက်ပါနဲ့။ ကွာရှင်းရလို့လည်း မကြောက်ပါနဲ့။ လူရဲ့ အသိဉာဏ်ပညာက ဒီလိုနာကျင်မှုထဲကနေ ဘယ်လို လွတ်ရုန်း

 mgyoe.com SAMPLE BOOK 

ရမယ်ဆိုတာကို သိပါတယ်။

ယောက်ျားနဲ့ မိန်းမရဲ့ဝတ္ထုကို ဘယ်လို ရေးသင့်သလဲ။

သာမန်အသိနဲ့ ဖြေရှင်းလို့မရတဲ့အရာကို ရေးတာဟာ ယောက်ျား မိန်းမ ဝတ္ထုဖြစ်တယ်လို့ ကျွန်တော် ထင်ပါတယ်။ တကယ်လို့ ငွေကြေးချမ်းသာပြီး ချောမော ခန့်ညားတဲ့ သူဌေးသားတစ်ယောက်ဟာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်လိမ့်မယ် ပေါ့။ ဒီလိုကိစ္စမျိုးကို ကျွန်တော် ရေးတဲ့ ဝတ္ထုထဲ ကျွန်တော် ထည့်မရေးတတ်ဘူး။ ဘာလို့လဲဆိုတော့ သိပ်နားလည်ရလွယ်ပြီး ပျင်းစရာကောင်းလို့ပါ။

အချစ်ဝတ္ထုကို ဘယ်လို ရေးသင့်သလဲ။

မိန်းကလေးတစ်ယောက်က အားထားလို့ မရတဲ့၊ အန္တရာယ်သိပ်ရှိတဲ့ ယောက်ျားတစ်ယောက်နဲ့ ချစ်တယ် ဆိုပါစို့။ ဒါပေမဲ့ အဲဒီယောက်ျားက ကြင်နာ တတ်တယ်၊ လူကို အံ့ဩတုန်လှုပ်မှု ပေးနိုင်တယ်။ မိဘ သဘောမတူပေမယ့် ဒီလူ ကိုပဲ မိန်းကလေးက ယူမယ်။ ဒါကမှ စာပေရေးရာမှာ ရေးရမယ့်အရာ ဖြစ်တယ်။ ကျွန်တော့်ဘေးနားက ဇာတ်လမ်းတစ်ခုနဲ့ ကျွန်တော် ဥပမာ ပြချင်ပါတယ်။ ကျွန်တော့်မှာ တည်းဖြတ်သူ မိတ်ဆွေတစ်ယောက်ရှိတယ်။ အသက် ၄၀ ကျော် အရွယ်ပေါ့။ တစ်နေ့မှာ သူက ကျွန်တော့်ဆီလာပြီး စာအုပ်ထုတ်ဝေတဲ့ကိစ္စ လာ တိုင်ပင်တယ်။ တိုင်ပင် ဆွေးနွေးပြီးနောက် သူက အိမ်ပြန်မယ့်ဆန္ဒ ရှိပုံမရဘူး။ အကျိုးအကြောင်း မေးကြည့်တော့ သူက "မနက် အိမ်ကမထွက်ခင် မိန်းမနဲ့ ရန် ဖြစ်ခဲ့တယ်။ အခု အိမ်ကို ဘယ်လိုပုံစံနဲ့ ပြန်ရမလဲမသိဘူး" လို့ပြောတယ်။

ဘာဖြစ်လို့ ရန်ဖြစ်ကြတာလဲ။

အဲဒီတုန်းက ဂျပန်လူမျိုးတွေသုံးတဲ့ သွားတိုက်ဆေးတစ်မျိုး ရှိတယ်။ ပြွန်ပုံစံပေါ့။ လက်နဲ့ ဖိလိုက်တာနဲ့ သွားတိုက်ဆေး ထွက်လာတယ်။ ယောက်ျားက သိပ်သေသပ်တယ်။ သွားတိုက်ဆေးကို ချွေတာသုံးတယ်။ သုံးတဲ့ အခါတိုင်း အောက်ဆုံးကနေ ညှစ်တယ်။ မိန်းမက ယောက်ျားလောက် မချွေတာဘူး။ ကြိုက်တဲ့ နေရာကနေ ညှစ်ပြီး သုံးတယ်။ ဒါကြောင့် သွားတိုက်ဆေးဘူးပေါ်မှာ အရာတွေ ကျန်ရစ်ခဲ့တယ်။ ဒါကို ယောက်ျားက မကြိုက်ဘူး။ အဲဒီနေ့မနက်မှာ ယောက်ျားက မအောင့်နိုင်တဲ့အဆုံး "သွားတိုက်ဆေးညှစ်ရင် ညှစ်ချင်ရာကနေ မညှစ်နဲ့၊ ဘူး ပေါ်မှာ နင့်လက်အရာတွေကျန်ခဲ့တာ ညစ်ပတ်တယ်။ ငါ့လို အောက်ကနေ စညှစ်" လို့ ၁၀ နှစ်လောက် အောင့်ထားတဲ့ စကားကို ထုတ်ပြောလိုက်တယ်။ အဲဒီကိစ္စနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ ရန်ဖြစ်ကြတော့တာပဲ။

ဒီဇာတ်လမ်းက ကျွန်တော်ကို သိပ်သဘောကျစေတယ်။ တကယ်လို့ ဒီဇာတ်လမ်းကို ဝတ္ထုတိုတစ်ပုဒ် ရေးရင် ဝတ္ထုခေါင်းစဉ်ကို 'မနက်ခင်းရန်ပွဲ' လို့ ပေးလို့ ရတယ်။ ဒီဇာတ်လမ်းတိုလေးထဲမှာ လင်မယားနှစ်ယောက်ရဲ့ ၁၀ နှစ်တာ အိမ်ထောင်ရေးသက်တမ်း ငြီးငွေ့မှု ခံစားချက်တွေ ပါတယ်။ ငြင်းခုံရန်ဖြစ်ရတဲ့ အကြောင်းရင်းက သွားတိုက်ဆေးညှစ်နည်းကြောင့် ဖြစ်တယ်။ တကယ်လို့ ဥစ္စာပစ္စည်း ပိုင်ဆိုင် အငြင်းပွားမှုကြောင့် ကွာရှင်းရတဲ့ ဇာတ်လမ်းမျိုးဆိုရင် ဝတ္ထုက ပျင်းစရာကောင်းမှာ အမှန်ပဲ။

'ခင်ပွန်းဆိုတဲ့ ဒီအမျိုး' စာအုပ်တစ်အုပ်ကို တရုတ်ပြည် ရှန်ဟိုင်းမှာ ကျွန်တော် ထုတ်ဝေခဲ့တယ်။ အရင်က 'ယောကျ်ားဆိုတဲ့ ဒီအမျိုး' စာအုပ်တစ်အုပ် ကျွန်တော် ရေးခဲ့ဖူးတယ်။ ဒီစာအုပ်နှစ်အုပ်လုံးက ယောကျ်ားတို့ရဲ့ တကယ့်စစ်မှန်တဲ့ ရင်တွင်းစကား ပါတယ်လို့ ကျွန်တော် ထင်တယ်။ မိန်းမတွေဟာ ငယ်ရွယ်လေ ယောကျ်ားတွေကို နားမလည်လေလို့ ကျွန်တော် အမြဲထင်တယ်။ ဘာလို့လဲဆိုတော့ ယောကျ်ားဆိုတာ အားလုံး တွေးထင်ထားတာထက်တောင် ကျော်လွန်တဲ့ လိင်ဆန္ဒပြင်း သတ္တဝါမို့ မိန်းမတစ်ယောက်ကို မပိုင်ဆိုင်ရခင် မယုံနိုင်စရာကောင်းတဲ့ ကြင်နာမှု၊ ရိုးသားမှုတစ်မျိုးကို ထုတ်ပြတတ်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ ယောကျ်ားဟာ သူလိုချင်တဲ့ပစ္စည်းကို ရပြီးရင် တစ်ဘက်သားကို ဂရုစိုက် စောင့်ရှောက်တဲ့ စိတ်က တမုဟုတ်ချင်း လျော့နည်းသွားတတ်ပြန်တယ်။ ယောကျ်ားရဲ့ ဒီလိုနည်းမျိုးက ကောင်းတယ်၊ မကောင်းဘူးလို့ ကျွန်တော် ဆိုချင်တာ မဟုတ်ဘူး။ ယောကျ်ားဆိုတာ ဒီလိုသတ္တဝါမျိုးလို့ ကျွန်တော် ပြောချင်တာပါ။

ယောကျ်ားမှာ အခြားတစ်မျက်နှာ ရှိသေးတယ်။ ရယူပိုင်ဆိုင်ပြီးနောက် စိတ်ဆန္ဒပြင်းပြမှု လျော့နည်းလာတဲ့နည်းတူ သူဟာ တွေးတောမှုကို ပြုလုပ်လာတတ်တယ်။ ဒါက ယောကျ်ားရဲ့ ထူးချွန်မှုဖြစ်တယ်။ စဉ်းစားတွေးတောမှုတွေ ပြုလုပ်ပြီးရင် ဒီယောကျ်ားဟာ သူ့ပင်ကိုသဘာဝ ပုံစံကနေ သင် ထင်မှတ်မထားတဲ့ အခြားပုံစံ၊ အခြားလူတစ်ယောက် ဖြစ်သွားတတ်ပါတယ်။ ဒါကြောင့် ယောကျ်ား မိန်းမ ကိစ္စဆိုတာ သင်ယူလို့ရတဲ့ ပညာတစ်ရပ် မဟုတ်ပါဘူး။ သင်ဟာ တိုကျိုတက္ကသိုလ်က ဘွဲ့ရတစ်ယောက်ဆိုရင်လည်း နားမလည်တာဟာ နားမလည်တာပါပဲ။ တက္ကသိုလ်မတက်ဖူးတဲ့လူ ဆိုပေမယ့်လည်း ယောကျ်ားနဲ့ မိန်းမကြားက နက်နဲတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ကိစ္စကို သိနိုင်တာပါပဲ။ ဒါကြောင့် ဒါဟာ ပညာရပ်တစ်ခု မဟုတ်ပါဘူး။ နားလည်မှု တစ်မျိုးသာ ဖြစ်ပါတယ်။

*မူရင်းရေးသားသူ...*

*ဂျပန်စာရေးဆရာ Junichi Watanabe*

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# စန္ဒာလပေါ်က လိပ်ပြာ

'စန္ဒာလပေါ်က လိပ်ပြာ' က သီချင်းတစ်ပုဒ်ရဲ့နာမည် မဟုတ်ပါဘူး။ မိန်းကလေးတစ်ယောက်ကို လူတွေ ချစ်စနိုးခေါ်တဲ့ အခေါ်ပါ။ အဲဒီမိန်းကလေးက ဂျူလီယာဟေးလ် (Julia Hill) ဖြစ်ပြီး သူက သစ်ပင်ပေါ်မှာ နေထိုင်ခဲ့သူဖြစ်ပါတယ်။

ပညာရှင်လင်ဒါရဲ့ 'သစ်နီပင်ပေါ်က မိန်းကလေး' စာအုပ်ထဲမှာ အဲဒီ မိန်းကလေးနဲ့ သစ်နီပင် (redwood အမေရိကန် ကယ်ရီးဖိုးနီးယားပြည်နယ်ပေါက် အဖိုးတန်သစ်မျိုး) ရဲ့ သံယောဇဉ်ကို ရေးဖွဲ့ထားတယ်။ သစ်နီပင်က ဒိုင်နိုဆောခေတ် ကတည်းက ရှိခဲ့တဲ့ အပင်တစ်မျိုးဖြစ်တယ်။ Jurassic က ဟောလိဝုဒ်ရုပ်ရှင်တွေ ထဲမှာ ဒဏ္ဍာရီတစ်ခု ဖြစ်လာခဲ့ပြီး သစ်နီပင်က အဲဒီခေတ်ကို ဖြတ်သန်းလာခဲ့တဲ့ 'သက်ရှိရုပ်ကြွင်း' ဖြစ်တယ်။ ရာစုနှစ်ဝက် မတိုင်ခင်တုန်းက မြောက်အမေရိကားမှာ ရှေးဦးသစ်နီတောတွေ ဧကသိန်းပေါင်းများစွာ ရှိခဲ့တယ်။ သစ်အချောထည်လုပ်ငန်း အရှိန်အဟုန်ကြောင့် သစ်နီပင်တွေဟာ အခု ခေတ်ကာလမှာ မျိုးသုဉ်းလုနီးပါး ဖြစ်နေပြီ ဖြစ်တယ်။

ပစိဖိတ် သစ်ကုမ္ပဏီပိုင် မြေကွက်တစ်ကွက်ပေါ်မှာ သစ်နီပင်အိုကြီး တစ်ပင် ပေါက်နေပါတယ်။ ပိုင်ရှင်က အဲဒီသစ်နီပင်ကို ခုတ်ဖို့ အကြိမ်ကြိမ် ဆုံးဖြတ်ခဲ့တယ်။ စီးပွားရေးသမားအတွက် 'လူနဲ့ သဘာဝကြား သဟဇာတရှိမှု' က အရေးပါတဲ့ အတွေးအမြင် မဟုတ်ခဲ့ဘူး။ သူတို့အတွက်က သစ်တစ်ပင်ခုတ်တာဟာ

mgyoe.com

mgyoe.com SAMPLE BOOK

စီးပွားရေး အကျိုးအမြတ်ပဲ ဖြစ်တယ်။ သူတို့မြင်တာက ကိုင်လို့ရ၊ မြင်လို့ရတဲ့ ဒေါ်လာသိန်းသန်း ပေါင်းသာ ဖြစ်တယ်။ အဲဒီသစ်ပင်ကို ခုတ်ဖို့ သူတို့ ကြိုးစားတိုင်း သာမန်ပြည်သူ များစွာက ဆန့်ကျင် ကန့်ကွက်ကြတယ်။ လူတွေက အဲဒီသစ်ပင်ကို 'စန္ဒာလမင်း (Luna)' လို့ နာမည်ပေးလိုက်ကြတယ်။

ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဥပဒေနဲ့ အကာအကွယ်ပေးထားတဲ့ အမေရိကန်မှာ မြေပိုင်ရှင်က သူ ပိုင်ဆိုင်တဲ့ မြေကွက်ပေါ်က အပင်တွေကို ကြိုက်သလို လုပ်ခွင့် ရှိတယ်။ ဒါကြောင့် လူတွေ ဘယ်လို ဆန့်ကျင်ကန့်ကွက်ပါစေ သစ်ပင်ကို ခုတ်ဖို့ ကုမ္ပဏီက ဆုံးဖြတ်လိုက်တယ်။

ဒီလိုအချိန်မှာပဲ ဂျူရီယာဟေးလ်လို့ခေါ်တဲ့ မိန်းကလေးက ပုံမှန်မဟုတ် တဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့တယ်။ သက်တမ်း တစ်ထောင်ကျော်ရှိပြီဖြစ်တဲ့ ဒီ သစ်နီပင်ကို သူ့အိမ်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ သစ်ပင်ထိပ် မြေပြင်အထက်မီတာ ၆၀ မှာ စင်တစ်ခုထိုးပြီး နေအိမ်အဖြစ် သူ လုပ်လိုက်တယ်။ နှစ်နှစ်တာကာလအတွင်း အဲဒီအိမ်မှာပဲ သူ နေတယ်၊ စားတယ်။ 'သစ်ပင်လူသား' တစ်ယောက် သူ ဖြစ်လာခဲ့ တယ်။ သူက သစ်ပင်ရဲ့ စိတ်ဝိညာဉ်အဖြစ်နဲ့ တစ်သားတည်း ပေါင်းစပ်နေထိုင်ခဲ့လို့ လူတွေက သူ့ကို 'စန္ဒာလပေါ်က လိပ်ပြာ' ဆိုတဲ့ ကဗျာဆန်ဆန် နာမည်ပေးလိုက်ကြ တယ်။

ဂျူရီယာရဲ့ လုပ်ရပ်ကြောင့် လူအများက ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာ အပေါ် စိတ်ရော၊ ကိုယ်ပါ အာရုံစိုက်လာကြတယ်။ 'စန္ဒာလပေါ်က လိပ်ပြာ' ကို ကြည့်ဖို့ ခရီးဝေးကနေ သူတို့ ရောက်လာကြတယ်။ ဂျူရီယာနဲ့ သစ်ပင်အတွက် ရန်ပုံငွေတွေ သူတို့ထည့်ဝင်ကြတယ်။ နောက်ဆုံး သစ်နီပင်ပိုင်ရှင် ပစိဖိတ်ကုမ္ပဏီကို ဂျူရီယာ အောင်နိုင်လိုက်တယ်။ ကုမ္ပဏီက သစ်ပင်ခုတ်မယ့် ဆုံးဖြတ်ချက်ကို လက်လွှတ်လိုက်တဲ့အပြင် သစ်ပင်ကြီးရဲ့ အနီးတစ်ဝိုက် ပေ ၂၅၀ ပတ်လည်မှာရှိတဲ့ သစ်ပင်တွေကို မခုတ်ဖို့ သတ်မှတ်လိုက်တယ်။ သစ်နီပင်အတွက်ရတဲ့ ရန်ပုံငွေ ဒေါ်လာ ၅ သောင်းကိုလည်း သစ်တောသုတေသနအတွက် အသုံးပြုဖို့ ပြည်နယ် တက္ကသိုလ်ကို လှူဒါန်းလိုက်တယ်။

သက်ရှိတစ်ခုက အခြားသက်ရှိတစ်ခုကို ကယ်တင်လိုက်တယ်လို့ လူတွေ က ပြောကြတယ်။ တကယ်လို့ ရှည်လျားကျယ်ပြန့်တဲ့ အချိန်တစ်ခုနဲ့ ဒီအဖြစ်ကို တိုင်းတာကြည့်ရင် ဒါဟာ 'ကယ်တင်ခြင်း' မဟုတ်ဘူး။ 'ကျေးဇူးဆပ်နေခြင်း'ပါလို့ ကျွန်တော် ပြောချင်ပါတယ်။ နှစ်ပေါင်း ထောင်ပေါင်းများစွာအတွင်းမှာ ကျွန်တော်

mgyoe.com

mgyee.com  SAMPLE BOOK 

တို့ လူသားမျိုးနွယ်တွေဟာ သဘာဝတရားကနေ၊ သစ်ပင်တွေကနေ၊ သစ်နီပင်ကနေ ကျေးဇူးတရား ဘယ်လောက်တောင် ရခဲ့ပြီလဲ။

ဒါဟာ တိုင်းတာနှိုင်းယှဉ်ပြလို့ မရနိုင်တဲ့ ချမ်းသာမှုတွေပါ။ သစ်ပင်မရှိရင် ရေအရင်းအမြစ် မရှိနိုင်ဘူး၊ အောက်စီဂျင် မရှိနိုင်ဘူး၊ ငှက်ကလေး မရှိနိုင်ဘူး၊ လိပ်ပြာ မရှိနိုင်ဘူး၊ ကျွန်တော်တို့ လူသားတွေလည်း မရှိနိုင်ပါဘူး။ သစ်ပင်က လူသားတွေရဲ့မိခင်ဖြစ်တယ်။ သစ်ပင်တွေဆီကနေ အခြေခံရှင်သန်မှုကို ကျွန်တော်တို့ ရတယ်။ ကြွယ်ဝတဲ့ ဉစ္စာကို ရတယ်။ ကျွန်တော်တို့ရဲ့ သမိုင်းမှတ်ဉာဏ်၊ ထာဝရ ရှင်သန်တဲ့ စိတ်ဓာတ်ကို သစ်ပင်တွေဆီကနေ ကျွန်တော်တို့ ရလိုက်တယ်။ မိဘ၊ ဆွေမျိုး၊ ဆရာသမားတွေကို ကျေးဇူးဆပ်ဖို့ ကျွန်တော်တို့ သိနားလည်ပေမယ့် ကျွန်တော်တို့ကို ကာကွယ်စောင့်ရှောက်တဲ့၊ ဘဝ ဘဝတွေကို အဆုံးမဲ့ရှင်သန်စေတဲ့ သစ်ပင်ရဲ့ ကျေးဇူးကိုတော့ ကျွန်တော်တို့ မသိ နားမလည်ခဲ့ကြဘူး။ ကျေးဇူးမသိတဲ့ အပြင် သစ်ပင်အပေါ် ရန်သူသဖွယ် ပြုမူကျင့်သုံးမှုမှာ ကျွန်တော်တို့ အသားကျခဲ့ကြ ပါတယ်။

လင်ဒါရဲ့စာကို ဖတ်ပြီးပြီးချင်းမှာပဲ သတင်းစာတစ်စောင်မှာ 'သစ်ခေါက် ခွာခံရတဲ့ သစ်နီပင် ငိုနေတယ်' ဆိုတဲ့ စာတစ်ပုဒ်ကို ကျွန်တော် ဖတ်လိုက်ရပြန်တယ်။ ရေးသားတဲ့ သတင်းထောက်နှစ်ယောက်က သစ်နီပင်တွေ ပေါက်ရောက်တဲ့ တရုတ် ယူနန်ပြည်နယ်မှာ သစ်နီပင်တွေ ဖျက်ဆီးခံနေရတဲ့အကြောင်း ရေးသားထားတယ်။ သတင်းထောက်တွေ သတင်းလိုက် အင်တာဗျူးရေးနေချိန် ၁၀ ရက်ကျော်အတွင်းမှာ သစ်ခေါက်ခွာခံထားရတဲ့ သစ်ပင်နီပင်တွေသာ တွေ့ခဲ့ရပြီး ရှင်ကျန်နေတဲ့ သစ်ပင် တစ်ပင်မှ မတွေ့ခဲ့ရဘူး။ ဒေသခံ Nashi လူမျိုး အဘိုးအိုတစ်ဦးက "မရှိတော့ ဘူး၊ အကုန် အခွာခံလိုက်ရပြီ။ ဒီဒေသတစ်ဝိုက်မှာ ကျုပ် ဆိတ်ကျောင်းခဲ့ဖူးတယ်။ သစ်ခေါက်ခွာမခံရတဲ့ သစ်နီပင်တွေ တစ်ပင်မှ မရှိတော့ဘူး" လို့ ပြောတယ်။ သက်တမ်းထောင်ကျော်အထိ အသက်ရှင်နိုင်တဲ့ သစ်ပင်ကြီးတွေမှာ ခုခံဖို့ အင်အား မဲ့ကြရတယ်။ ကလေးငယ်ရဲ့ လက်မောင်းလောက်သာရှိတဲ့ သစ်နီပင်တွေတောင် အလွတ်မပေးကြဘဲ သစ်ခေါက်တွေ ခွာထားကြတယ်။ ဒီလို သစ်ပင်ငယ်တစ်ပင် ခွာရင် သစ်ခေါက်အလေးချိန် ၃ ပေါင်လောက်ပဲရပြီး ငွေ တစ်ယွမ်ကျော်လောက်ပဲ ရပါတယ်။

လူတွေ ဘာဖြစ်လို့ သစ်နီပင်ရဲ့ သစ်ခေါက်ကို ဝယ်ယူကြသလဲ။ ဘာလုပ်ဖို့ အတွက်လဲ။

mgyee.com

mgyoe.com  SAMPLE BOOK 

သစ်နီပင်ရဲ့ အခေါက်ကနေ အဖိုးတန်ရှားပါးတဲ့ ကင်ဆာကို ကာကွယ်နိုင်တဲ့ paclitaxel, PTX အရာတစ်မျိုး ထုတ်ယူနိုင်လို့ဖြစ်တယ်။ ၁၉၉၀ ခုနှစ် နှစ်ဦးပိုင်း အမေရိကန် ကုမ္ပဏီတစ်ခုက သစ်နီပင်ရဲ့ အခေါက်ကနေ ထုတ်တဲ့ paclitaxel မှာ ကင်ဆာကို ကာကွယ်နိုင်တဲ့ အာနိသင်ရှိတယ် ဆိုတာကို ရှာဖွေတွေ့ရှိခဲ့တယ်။ အဲဒီသတင်းက တရုတ်ပြည်ကနေတစ်ဆင့် ယူနန်ပြည်နယ်ထိ ရောက်သွားတယ်။ အဖိုးတန် ရှားပါးတဲ့အရာက အနီးအနားမှာ ရှိနေတယ်ဆိုတာကို ရုတ်တရက် လူတွေ သိသွားကြတယ်။ အဲဒီနားက လိကျန်၊ တီချင့်၊ စစ်ဆောင်ပန္နားစတဲ့ ဒေသတွေမှာ သစ်နီပင်တွေဟာ လူတွေရဲ့ စစ်ပွဲသမုဒ္ဒရာထဲ လုံးဝကျဆင်းသွားခဲ့ရတယ်။ ဘယ်သူကမှ 'အဖိုးတန် သစ်ပင်မျိုးစိတ်များ ကာကွယ်စောင့်ရှောက်ရေးစည်းကမ်း' တွေကို စိတ်ထဲ ထည့်မထားတော့ဘဲ သစ်နီခေါက် တစ်ပေါင်ကို ဘယ်လောက်ရောင်းရမလဲ ဆိုတာကိုပဲ သိတော့တယ်။

ဂျပန်တော်လှန်ရေးကာလက ကျည်ဆန်ယမ်းငွေ့တွေ ကြားမှာတောင် ရှင်သန်လာခဲ့ကြတဲ့ သစ်နီပင်တွေဟာ ဒီကနေ့ခေတ်ရဲ့ ကပ်ဆိုးအသစ်ကို တွန်းလှန်ဖို့နည်းလမ်းမရှိ ဖြစ်ခဲ့တယ်။ သစ်တောဌာနတချို့ရဲ့ နောက်ကွယ်က လက်မည်းကြီးတွေပါ ပါဝင်လာကြပြီး လူတွေဟာ သားရိုင်းတိရစ္ဆာန်တွေလို အစွယ်ငေါငေါတွေ ထုတ်လာခဲ့ကြတယ်။ စက်ရုံတွေက သစ်ခေါက်တွေ အပြိုင်အဆိုင် ဝယ်ယူလာကြလို့ သစ်ခေါက်တွေ ဈေးအဆမတန် တက်လာခဲ့တယ်။ ဆင်းရဲကျပ်တည်းတဲ့ တောင်သူအများက သူ့ထက်ငါ အလုအယက် သစ်ခေါက်ခွာတဲ့လုပ်ငန်းထဲ ဝင်လာခဲ့ကြတယ်။ အဖိုးတန်တဲ့ သစ်နီပင်တွေဟာ ငိုညည်းချိန်တောင် မရကြဘဲ ညတွင်းချင်း ဆုံးခန်းတိုင်ခဲ့ကြရတယ်။

သစ်နီပင်ရဲ့ ကြေကွဲစရာက အဲဒီမြေပေါ် နေထိုင်နေကြတဲ့ ပြည်သူတွေရဲ့ ဆင်းရဲမွဲတေမှုကြောင့် ဖြစ်တယ်။ စားဝတ်နေရေး ဖူလုံမှုမရှိတဲ့ သူတို့ဟာ တစ်ဖက်တစ်လမ်းကနေ ဝင်ငွေရအောင် သစ်ခေါက်ခွာဖို့ ဝန်မလေးခဲ့ကြဘူး။ ဘယ်သူကမှ အရင်းအနှီး ထုတ်စရာမလိုဘဲ ချမ်းသာမယ့်အလုပ်ကို ငြင်းကြမှာ မဟုတ်ဘူး။ တကယ်တော့ သစ်နီပင်ရဲ့ ကြေကွဲစရာက ဆင်းရဲမွဲတေမှုကြောင့်ပဲ မဟုတ်ဘူးလို့ ကျွန်တော် ထင်ပါတယ်။

အာဖရိကနဲ့ အမေရိကန်တိုက် တချို့ ဒေသတွေမှာ နေထိုင်နေကြတဲ့ မျိုးနွယ်စုတွေဟာ သဘာဝတရား၊ ကောင်းကင်နဲ့ သစ်ပင်တောအုပ်အပေါ် ရိုသေလေးစားမှုအပြည့် ရှိကြတယ်။ သူတို့က ကျွန်တော်တို့ ပြည်သူတွေထက် ဆင်းရဲကြ

mgyoe.com

SAMPLE BOOK

ပါသေးတယ်။ သူတို့မှာ လုံလောက်တဲ့အဝတ်အစား၊ စားစရာတွေတောင် မရှိပါဘူး။ ဒါတောင် သူတို့က သူတို့ အနီးအနားက သက်ရှိတွေကို မဖျက်ဆီးကြဘူး။ သူတို့ရဲ့ ရှေးဦး စုန်းအတတ်ကိုးကွယ်မှုမှာ ဘိုးဘေးတို့ရဲ့ ဝိညာဉ်တွေဟာ သစ်ပင်အိုကြီးတွေမှာ ကပ်ခိုနေတယ်လို့ ယေဘုယျ ယုံကြည်ထားကြတယ်။ အချို့ ရိုးရာပွဲ ဒါမှမဟုတ် မျိုးနွယ်စုတွေ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ချခါနီးရင် တစ်မျိုးနွယ်စုလုံး သစ်ပင်အောက်မှာ ဒူးထောက်ပြီး ယဇ်ပူဇော်တာ၊ ဆုတောင်းတာတွေ လုပ်ကြတယ်။ ဒီလို ကိုးကွယ်ယုံကြည်မှုကို 'ခေတ်နောက်ကျတယ်'၊ 'အယူသီးတယ်' လို့ ကျွန်တော်တို့ လှောင်ပြောင် ရယ်မောနေချိန်မှာ ကျွန်တော်တို့လို ဘာမှ အယုံအကြည်မရှိ၊ မကြောက်ရွံ့တဲ့ လူတွေကရော သူတို့ထက် 'တိုးတက်'၊ 'ထက်မြက်'၊ 'အသိဉာဏ်' ရှိသွားသလား။ သူတို့ဟာ သူတို့ရဲ့မျိုးနွယ်စုကို ချစ်သလိုမျိုး သစ်ပင်တောအုပ်တွေကို ချစ်မြတ်နိုးကြတယ်။ ကျွန်တော်တို့ကတော့ ပုဆိန်၊ လွှတွေနဲ့ သစ်ပင်တောအုပ်တွေအပေါ် ရက်စက်ခဲ့ကြတယ်။

'စန္ဒာလပေါ်က လိပ်ပြာ' လို့ ခေါ်တွင်တဲ့၊ ချောမောတောက်ပတဲ့ ဂျူရီယာ ဟေးလ်ကို ကျွန်တော် မြင်ဖူးချင်လိုက်တာ။

အဲဒီညက ကျွန်တော် အိပ်မက် မက်လိုက်တယ်။ အိပ်မက်ထဲမှာ စစ်ဆောင် ပန္နားက သစ်နီပင်တိုင်းပေါ်မှာ 'လစန္ဒာပေါ်က လိပ်ပြာ' တစ်ကောင် ပျံဝဲနေခဲ့တာပါပဲ။

*မူရင်းရေးသားသူ... Yu Jie*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# လိပ်ပြာတစ်ကောင်ရဲ့ သတ္တိ

၁၉၇၇ ခုနှစ် ဂျော်ဂျီယာပြည်နယ် တောအုပ်တစ်နေရာမှာ ရော်ဂျာ လမ်းလျှောက်နေတယ်။ ရှေ့မှာ ဗွက်အိုင်တစ်ခုကိုတွေ့တော့ သူက ဗွက်အိုင်ကို ကွေ့ပြီး ကျော်ဖို့လုပ်တယ်။ အဲဒီမှာ ရုတ်တရက် သူ အတိုက်ခိုက် ခံလိုက်ရတယ်။ ဒါဟာ မမျှော်လင့်တဲ့ တိုက်ခိုက်မှုဖြစ်သလို တိုက်ခိုက်သူဟာလည်း တွေးထင်မထားသူ ဖြစ်နေတယ်။ လေးငါးချက်လောက် အတိုက်ခိုက်ခံရပြီးနောက် ဒဏ်ရာမရပေမယ့် သူ အရမ်းအံ့ဩသွားတယ်။ နောက်ကို သူ ခြေတစ်လှမ်းဆုတ်လိုက်တော့ တိုက်ခိုက်သူကလည်း အတိုက်ရပ်သွားတယ်။ သူ့ကို တိုက်ခိုက်တဲ့သူက လိပ်ပြာတစ်ကောင်ပါ။ နူးညံ့လှပတဲ့ အတောင်ပံနဲ့ သူ့ရှေ့မှာ တဝဲလည်လည်ပျံရင်း တိုက်ခိုက်နေတာပါ။ ဒီတိုက်ခိုက်မှုမှာ ရော်ဂျာ ဒဏ်ရာရသွားရင် စိတ်ဝင်စားစရာအဖြစ်ကို သူ သတိထားမိလိမ့်မှာ မဟုတ်ပါဘူး။ လိပ်ပြာတစ်ကောင်ရဲ့ အတိုက်ခိုက်ကို ခံရတာဟာ ဒဏ်ရာမရတဲ့အပြင် ပျော်စရာကောင်းတယ်လို့ ထင်ပြီး သူ ရယ်လိုက်မိတယ်။

အရယ်ရပ်ပြီး ရှေ့ကို ရော်ဂျာခြေတစ်လှမ်း တိုးကြည့်လိုက်တယ်။ လိပ်ပြာက သူ့ဆီ တဟုန်ထိုးပျံပြီး တိုက်ခိုက်ပြန်တယ်။ လိပ်ပြာက ခေါင်း၊ ခန္ဓာကိုယ်နဲ့ သူ့ရင်ဘတ်ကို ဝင်ဆောင့်ပါတယ်။ အစွမ်းကုန်အင်အားထုတ်ပြီး တစ်ကြိမ်ပြီး တစ်ကြိမ် ဝင်ဆောင့်ပါတယ်။

ရော်ဂျာ ခြေတစ်လှမ်း ဆုတ်လိုက်ပြန်တယ်။ တိုက်ခိုက်တာကို လိပ်ပြာ

mgyoe.com

mgyoe.com SAMPLE BOOK

ရပ်လိုက်ပြန်တယ်။ ရှေ့ကို သူတိုးကြည့်ပြန်တယ်။ သူ့ကို လိပ်ပြာ တိုက်ခိုက်ပြန်တယ်။ တစ်ကြိမ်ပြီးတစ်ကြိမ် ရင်ဘတ်ကို လိပ်ပြာအတိုးခံရတော့ ရော်ဂျာ ထူးဆန်းသွားတယ်။ ဘာလုပ်ရမှန်းလဲ မသိလို့ တတိယအကြိမ် သူ နောက်ဆုတ်လိုက်ပြန်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူတစ်ယောက်ဟာ လိပ်ပြာရဲ့ အတိုက်ခိုက်ကို နေ့တိုင်း မကြုံရလောက်ပါဘူး။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာ ရန်သူကို အသေးစိတ်လေ့လာဖို့ သူ အကြိမ်ကြိမ် နောက်ဆုတ်လိုက်မိတယ်။ သူ့ရန်သူကလည်း လိုက်လျောညီထွေ နောက်ပြန်ဆုတ်ပြီး မြေပြင်ပေါ် ဆင်းသက်နားတယ်။ အဲဒီမှာပဲ ဘာကြောင့် သူ့ကို လိပ်ပြာ တိုက်ခိုက်ရတယ်ဆိုတာကို ရော်ဂျာ သိလိုက်ရတယ်။

လိပ်ပြာမှာ နောက်အဖော်တစ်ကောင် ရှိနေတယ်။ ဗွက်အိုင်အနားက ရေစပ်မှာ နားနေတာပါ။ အဲဒီ လိပ်ပြာက ကြည့်ရတာ သိပ်မဟန်တော့ပါဘူး။ လိပ်ပြာမအတွက် ယပ်ခတ်ပေးနေသလိုမျိုး လိပ်ပြာဖိုက အတောင်ပံ တဖျပ်ဖျပ်ခတ်ရင်း အနားမှာ ရှိနေခဲ့တာပါ။

အဖော်ကို စောင့်ရှောက်လိုစိတ်ကြောင့် ဖြစ်လာတဲ့ လိပ်ပြာဖိုရဲ့ မေတ္တာနဲ့ သတ္တိကို ရော်ဂျာ လေးစားလိုက်မိတယ်။ လိပ်ပြာမက သေတော့မှာပါ။ ပြီးတော့ ရော်ဂျာကလည်း ဧရာမကြီး ဆိုပေမယ့် လိပ်ပြာဖိုဟာ အဖော်အတွက် ဘာကိုမှ မငဲ့ဘဲ သူ့ကို အကြိမ်ကြိမ် ထိုးနှက်တိုက်ခိုက်ပါတယ်။ ဒီလို ထိုးနှက်တိုက်ခိုက်ရတာဟာ လိပ်ပြာမကို ရော်ဂျာ နင်းမိမှာစိုးလို့ ဖြစ်တယ်။ လိပ်ပြာမအတွက် အဖိုးတန်တဲ့ အချိန်တွေ တတ်နိုင်သမျှပေးဖို့ သူ ကြိုးစားနေခဲ့တာဖြစ်တယ်။

လိပ်ပြာ တိုက်ခိုက်ရတဲ့ အကြောင်းတရားနဲ့ ရည်ရွယ်ချက်ကို ရော်ဂျာ သိနားလည်လိုက်ပါပြီ။ အခြားတစ်ဘက်မှာ ဗွက်ပိုထူနေလည်း အဲဒီဘက်ကပဲ ဗွက်အိုင်ကို ကွေ့ပတ်သွားဖို့ သူ ရွေးချယ်လိုက်ပါတယ်။ ကိုယ့်အဖော်ရဲ့ နောက်ဆုံးအချိန်မှာ အနားမှာနေပြီး ဂရုစိုက်စောင့်ရှောက်ဖို့ ကိုယ့်ထက် အဆပေါင်း ထောင်သောင်း ကြီးမားတဲ့ ရန်သူကိုတောင် အကြောက်အလန့်မရှိ သတ္တိရှိရှိ ရင်ဆိုင်ရဲတဲ့ လိပ်ပြာဖိုရဲ့ ရဲစွမ်းသတ္တိက ရော်ဂျာကို ဒီလို ရွေးချယ်စေခဲ့တာပါ။ သူတို့ရဲ့ တိတ်ဆိတ်ငြိမ်သက်မှုကို အနှောင့်အယှက် မဖြစ်စေလိုတာကြောင့် ဖိနပ်မှာ ကပ်ပေနေတဲ့ ရွံ့ကို ကားနားရောက်မှပဲ ရော်ဂျာ ခါထုတ်ဖြစ်ပါတယ်။

နောက်ပိုင်း စိတ်ဖိစီးမှုများတဲ့အခါတိုင်း၊ တွန့်ဆုတ် တွေဝေတဲ့အခါတိုင်း အဲဒီလိပ်ပြာရဲ့ ရဲရင့်တဲ့ စိတ်ဓာတ်ကို ရော်ဂျာ သတိရလိုက်တတ်ပြီး 'လှပ ကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

မွန်တဲ့ အရာတိုင်း မင်း တိုက်ယူရကျိုး နပ်တယ်' လို့ ကိုယ့်ကိုယ်ကိုယ် အားပေးဖြစ်၊ သတိပေးဖြစ်နေပါတော့တယ်။

*မူရင်းရေးသားသူ... Anonymous*

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# စိတ်ကူးအိပ်မက် တောင်ပံကို ဖြန့်လို့

'ကြီးလာရင် ဘာလုပ်ချင်လဲ'၊ 'မင်းရဲ့ စိတ်ကူးအိပ်မက်က ဘာလဲ' လို့ ငယ်ငယ်တုန်းက အမေးခံရတဲ့အခါတိုင်း 'သိပ္ပံပညာရှင်လုပ်မယ်'၊ 'ပန်းချီဆရာ လုပ်မယ်'၊ 'လေယာဉ်မယ်လုပ်မယ်' လို့ အထိုက်အလျောက် ဖြေတတ်ခဲ့တယ်။ အခုအချိန်မှာ ပြန်ပြောင်းတွေးကြည့်ရင် ငယ်ရွယ်နုပျိုစဉ်မှာရှိခဲ့တဲ့ စိတ်ကူးအိပ်မက် ဟာလည်း သိပ်ကြီးကျယ်တာပဲလို့ ထင်မိတယ်။

အရွယ်ရောက်လာတဲ့အချိန် ငယ်ဘဝ စိတ်ကူးအိပ်မက်ကို အကောင် အထည်ဖော်နိုင်တဲ့လူ အနည်းငယ်ပဲ ရှိကောင်းရှိမယ် ဆိုပေမယ့် ဒါဟာ စိတ်ကူး အိပ်မက်တွေက ယုတ္တိမရှိဘူးလို့ မဆိုလိုပါဘူး။ 'စိတ်ကူးအိပ်မက်က ရှိရမယ်၊ မတော်တဆ အကောင်အထည် ပေါ်သွားရင်ကော' ဆိုတဲ့စကားကို သေချာ ခံစား ကြည့်တော့လည်း နက်နဲတဲ့ အဓိပ္ပာယ်ကို တွေ့ရတယ်။ စိတ်ကူးအိပ်မက်က မြူးကြွ တဲ့ အတွေးဖြစ်ပြီး အတွေးတွေက ဆန္ဒကို လှုံ့ဆော်ပေးတဲ့ လုပ်ရပ်တွေဖြစ်တယ်။ စိတ်ကူးအိပ်မက်က အိပ်မက်နဲ့ အတွေးတို့ရဲ့ ပေါင်းစပ်မှုဖြစ်တယ်။ စိတ်ကူးအိပ်မက် က သင့်ကို ရှေ့ကို တိုးတက်စေတဲ့ တွန်းလက်ဖြစ်တယ်။

လူ့အသက်က အကန့်အသတ် ရှိတယ်။ ဒါကို သေချာ သိထားရပါမယ်။ တစ်နေ့နေ့မှာ ကျွန်တော်တို့ အိုမင်းကြမယ်။ စည်ကားနေတဲ့ ဒီလောကကြီးကနေ ထွက်သွားရမယ်။ ရှင်သန်နေတဲ့ ဒီနှစ်တွေအတွင်း ဘယ်လိုဘဝမျိုး ဖြတ်သန်းမလဲ

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတာက လေးလေးနက်နက် တွေးတောရမယ့် ပုစ္ဆာတစ်ခုဖြစ်တယ်။

ရှင်သန်နေတဲ့ ဒီနှစ်တွေအတွင်း ဘဝကို ဘယ်လိုပဲ ဖြတ်သန်းဖြတ်သန်း နောက်ဆုံးတော့ အိုရစမြဲပါပဲ။ ဘာဖြစ်လို့ ဒီလောက် ကြိုးစားပြီး ရှန်းကန်နေမလဲလို့ တချို့က ပြောကောင်း ပြောကြမယ်။ တချို့ကလည်း ကိုယ်ပိုင်ဆိုင်တဲ့ အချိန်အကန့် အသတ်ကိုပဲ သေချာတန်ဖိုးထားပြီး ပိုအကျိုးရှိတဲ့ အလုပ်တွေကို ကြိုးစားလုပ်မယ်၊ အိပ်မက်တွေကို အကောင်အထည်ဖော်မယ်၊ ရှန်းကန်မယ်၊ ရင်ဆိုင်မယ်၊ ကိုယ်နဲ့ သက်ဆိုင်တဲ့ ထူးခြားဆန်းကြယ်တဲ့ ဘဝတစ်ခုအဖြစ် ရှင်သန်ပစ်မယ်လို့ ပြောကောင်း ပြောကြမယ်။

ဘဝက ဘာအတွက်လဲ။

ဘဝက တောက်လောင်ဖို့ဖြစ်တယ်။

အေးအေးသက်သာ ဖြတ်သန်းဖို့ မဟုတ်ပါဘူး။

စိတ်ကူးအိပ်မက်ဆိုတာ ဘာလဲ။

- စိတ်ကူးအိပ်မက်က မီးဖြစ်တယ်။ ဘဝရဲ့ စိတ်အားထက်သန်မှုကို ထွန်းညှိပေးတယ်။
- စိတ်ကူးအိပ်မက်က အလင်းဖြစ်တယ်။ ဘဝရဲ့အမှောင်ကို ထွန်းလင်းပေးတယ်။
- စိတ်ကူးအိပ်မက်က ရေဖြစ်တယ်။ ဘဝရဲ့ အညစ်အကြေးတွေကို ဆေးကြောပေးတယ်။
- စိတ်ကူးအိပ်မက်က ကြယ်တာရာ ဖြစ်တယ်။ ဘဝရဲ့ရှေ့ဆက်လမ်းကို လမ်းညွှန်ပေးတယ်။

လူတိုင်း ဒါမှမဟုတ် လူအချို့မှာ စိတ်ကူးအိပ်မက်တွေ ရှိကြတယ်။ သင့်မှာလည်းရှိရင် ကျေးဇူးပြုပြီး မလွှတ်တမ်း ဆုပ်ကိုင်ထားပါ။ မစွန့်ပစ်ပါနဲ့။ ရှည်လျားတဲ့ လူ့ဘဝခရီးလမ်းမှာ အခက်အခဲပေါင်းများစွာ၊ ဆင်းရဲဒုက္ခမျိုးစုံ၊ စမ်းသပ်မှုမျိုးစုံနဲ့ တွေ့ကြုံရတတ်ပါတယ်။ အဲဒီအခါ ကံတရားကို အပြစ်တင်၊ ပတ်ဝန်းကျင်ကို ရှုံ့ချလည်း အရာမရောက်နိုင်ပါဘူး။

စိတ်ကူးအိပ်မက်ကို အတောင်ပံတပ်မှ ဆင်းရဲဒုက္ခကနေ လွတ်မြောက်နိုင်မှာ ဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ် သာလွန် ကျော်လွန်နိုင်မှာဖြစ်တယ်။ ကိုယ်နဲ့ သက်ဆိုင်တဲ့ ဘဝတစ်ခုကို အရည်အသွေးစုံလင်စွာ ဖူးပွင့်နိုင်မှာ ဖြစ်ပါတယ်။

*မူရင်းရေးသားသူ... Liu Dongwei*

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# မျှော်လင့်ခြင်း အင်အား

မလေးရှားမှာ ကျင်းပတဲ့ နိုင်ငံတကာ စိတ်ပညာအစည်းအဝေးတစ်ခုမှာ မိတ်ဆွေတစ်ဦးနဲ့ ကျွန်တော် ရင်းနှီးခဲ့တယ်။ သူက သူပြုလုပ်ခဲ့တဲ့ စမ်းသပ်မှုတစ်ခုနဲ့ မိတ်ဆက်တယ်။

အဲဒီ စမ်းသပ်မှုမှာ သူက ကြွက်ဖြူကြီးနှစ်ကောင်ကို ရေထဲထည့်လိုက်တယ်။ ကြွက်တွေက အသက်ရှင်ဖို့ ရုန်းရင်းဆန်ခတ် ရုန်းကန်ကြတယ်။ အဲဒီလို ရုန်းကန်ချိန်က ငါးမိနစ်လောက်ပဲ ကြာတယ်။ ကြွက်နှစ်ကောင် ရေနစ်သေခါနီး ဆဲဆဲမှာ စိတ်ပညာရှင်က ကြွက်တွေ တွားတက်နိုင်တဲ့ သစ်သားတုံး တစ်တုံးကို ပစ်ချပေးလိုက်တယ်။ နောက်ဆုံးမှာ ကြွက်နှစ်ကောင်လုံး အသက်ရှင်ခဲ့တယ်။

ရက်အတန်ကြာမှာ စိတ်ပညာရှင်က အဲဒီ ကြွက်နှစ်ကောင်ကို ရေထဲ ထည့်ပြီး တူညီတဲ့ စမ်းသပ်မှုကို ပြုလုပ်ပြန်တယ်။ အံ့သြစရာကောင်းတာက ဒီ တစ်ကြိမ်မှာ ကြွက်တွေဟာ ၂၄ မိနစ်လောက် ရုန်းကန်နိုင်ခဲ့ပြီး ရှေ့တစ်ကြိမ်ထက် ၁၉ မိနစ် တောင့်ခံနိုင်ခဲ့တာကို တွေ့ရတယ်။ နဂိုထက် ငါးဆနီးပါး ရှိခဲ့တယ်။ ဒီ ကြွက်နှစ်ကောင် ရေနစ်သေလုဆဲဆဲမှာ စိတ်ပညာရှင်က သစ်သားတုံးကို အမြန် ချပေးလိုက်ပြန်တယ်။ နောက်ဆုံး အဲဒီကြွက်နှစ်ကောင် အသက်ရှင်ခဲ့ပြန်တယ်။ ဒီကြွက်နဲ့ပဲ တူညီတဲ့စမ်းသပ်မှုကို လုပ်ခဲ့ပြီး ပထမအကြိမ်မှာ ၅ မိနစ်ပဲ တောင့်ခံနိုင်ပြီး ဒုတိယအကြိမ်မှာ ၂၄ မိနစ် တောင့်ခံနိုင်တာဟာ ဘာကြောင့်လဲလို့ လူတွေက

mgyoe.com

mgyoe.com SAMPLE BOOK

တအံ့တသြ မေးကြတယ်။

ကြွက်နှစ်ကောင်ဟာ လွတ်မြောက်တဲ့ အတွေ့အကြုံမရှိခင်မှာ ခန္ဓာကိုယ်ရဲ့ ခွန်အားနဲ့ပဲ လွတ်မြောက်ဖို့ ရုန်းကန်ခဲ့တယ်။ လွတ်မြောက်တဲ့ အတွေ့အကြုံရှိသွားတဲ့အခါ ကြွက်မှာ မျှော်လင့်ခြင်း အင်အားတစ်မျိုး တိုးသွားတယ်။ အချိန်တစ်ခုခုမှာ ကျလာမယ့် သစ်သားတုံးနဲ့ နောက်တစ်ကြိမ် ရှင်သန်လွတ်မြောက်ဖို့ကို သူတို့ မျှော်လင့်ခဲ့ကြတယ်။ သူတို့ရဲ့ အဲဒီ မျှော်လင့်ခြင်းအင်အား၊ အကောင်းမြင်စိတ်ထား၊ ကောင်းမွန်တဲ့ ရလဒ်တစ်ခုကို တောင့်တတဲ့ စိတ်ဓာတ်က သူတို့ကို အချိန်ကြာကြာ ကြံ့ကြံ့ခံ တောင့်ခံနိုင်စေခဲ့တာ ဖြစ်တယ်လို့ စိတ်ပညာရှင်က ရှင်းပြပါတယ်။

ဒုတိယကမ္ဘာစစ်တုန်းက အင်္ဂလန်စစ်သင်္ဘောတစ်စီးဟာ အတ္တလန္တိတ်သမုဒ္ဒရာမှာ ဂျာမန် ရေငုပ်သင်္ဘောရဲ့ တိုက်ခိုက်မှုကြောင့် နစ်မြုပ်သွားခဲ့တယ်။ ရေတပ်သား ၅၀၀ ကျော်ဟာ သမုဒ္ဒရာပြင်မှာ ကယ်တင်ခံရဖို့ စောင့်နေခဲ့တယ်။ သွားကယ်တဲ့ သင်္ဘောက အချိန်မီ မရောက်ခဲ့လို့ တပ်သား တော်တော်များများ ရေနစ်သေဆုံးခဲ့ကြတယ်။ တပ်သားတချို့သာ ကယ်တင်ခံခဲ့ရတယ်။ ကယ်တင်ခံရတဲ့ တပ်သားတွေက အသန်မာဆုံးတပ်သားတွေ မဟုတ်ပေမယ့် အသက်ရှင်ဖို့ စိတ်ပြင်းပြသူ၊ တောင့်ခံနိုင်သူတွေဖြစ်တာကို နောက်ပိုင်းမှာ လူတွေ သတိထားမိခဲ့ကြတယ်။ သူတို့ဟာ မယိမ်းယိုင်တဲ့ ယုံကြည်ချက်၊ ထက်သန်တဲ့ ဇွဲနဲ့ အန္တရာယ်ကြား လွတ်မြောက်ခဲ့ကြတယ်။

'မျှော်လင့်ချက် ကုန်းမြေကို ရင်ထဲ ခိုင်ခိုင်မာမာထည့်ထားရင် လှိုင်းထန်လေကြမ်းကို ငါတို့ ကျော်ဖြတ်နိုင်တယ်' လို့ ကိုလံဘတ် ပြောခဲ့တဲ့စကားကို သူတို့ ကြားဖူးချင်မှ ကြားဖူးလိမ့်မယ်။ ဒါပေမဲ့ သူတို့ရင်ထဲမှာ မျှော်လင့်ချက်တွေ ပြည့်နေခဲ့တယ်။

မျှော်လင့်ခြင်းက ဘဝမီးတောက်ကို လျှံလျှံတောက် တောက်လောင်စေတယ်။

မျှော်လင့်ချက်မဲ့ခြင်းက ဘဝမီးတောက်ကို အမြန်ငြိမ်းစေတယ်။

ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် မျှော်လင့်ချက်ရှိသူတိုင်းက အရာရာကို အောင်နိုင်ပါတယ်။

*မူရင်းရေးသားသူ... Zeng Qifeng*

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# စိတ်စာတိုက်ပုံးကို ရှင်းလင်းမယ်

၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့မှာ ပီရူးရေငုပ်သင်္ဘောတစ်စင်းဟာ ဂျပန်ငါးဖမ်းလှေတစ်စင်းနဲ့ ရုတ်တရက် တိုက်မိပြီး မြုပ်သွားတယ်။ ခေါင်းဆောင်နဲ့ အဖွဲ့သား ၅၀ ကျော်ဟာ ရေငုပ်သင်္ဘောနဲ့အတူ ပင်လယ်အောက် နစ်မြုပ်သွားခဲ့တယ်။

ပီရူးရေတပ်က ရေငုပ်သင်္ဘောတစ်စင်းနဲ့ ကယ်ဆယ်ရေးတွေ လုပ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ အရေးပေါ် အခြေအနေမှာ ရေငုပ်သင်္ဘောထဲ ပိတ်မိနေတဲ့ ရေတပ်သားတွေက ကိုယ့်ကိုယ်ကိုယ် ကယ်တင်ဖို့ အန္တရာယ်ရှိတဲ့ နည်းလမ်းတစ်ခုကို ပြုလုပ်လိုက်တယ်။ သူတို့ဟာ အသက်ကယ်ပေါက်ကနေ လူကို torpedo (ရေအောက်ပစ်ဒုံး) လို လွှတ်ထုတ်တာပဲဖြစ်တယ်။ ၃၃ မီတာနက်တဲ့ ပင်လယ်ရေအောက်ကနေ ပင်လယ်ရေပြင်ရောက်ဖို့ အချိန် ၃၀စက္ကန့် လိုတယ်လို့ သူတို့ ခန့်မှန်းတယ်။ လွှတ်ထုတ်လိုက်တဲ့ အတောအတွင်း လူဟာ ပြင်းထန်တဲ့ဖိအား ခံရပြီး အသက်သေစေတဲ့ 'Caisson disease (လျှင်မြန်သော ဖိအားပြောင်းလဲမှုကြောင့် နားအတွင်းပိုင်းပျက်စီးခြင်း)' ကို ရနိုင်ပါတယ်။ အပြင်ကို မလွှတ်ထုတ်ခင် ခေါင်းဆောင်က ကိုယ့်အဆုတ်ထဲကလေတွေ အကုန်ထုတ်ပစ်ဖို့ အားလုံးကို ပြောတယ်။ ဒီလိုမှမဟုတ်ရင် လူရဲ့ အဆုတ်က အထက်ကိုတက်ချိန် ပူဖောင်းလို ပေါက်ကွဲသွားတတ်ပါတယ်။ လွှတ်မြောက်ဖို့ ကြိုးစားချိန်အတွင်း ရေတပ်သားတွေဟာ အလျင်အမြန် ပြောင်းလဲ

mgyoe.com

mgyoe.com SAMPLE BOOK

သွားတဲ့ ဖိအားကြောင့် ပြင်းထန်တဲ့ နာကျင်မှုကို ကြိတ်မှိတ်ခံပြီး ရေပြင်ပေါ်ကို အော်ဟစ်ပြီး ရောက်သွားကြတယ်။ ဦးနှောက် သွေးယိုသူတစ်ယောက်က လွဲလို့ အားလုံး ဘေးအန္တရာယ်ကင်းစွာ လွတ်မြောက်သွားခဲ့ကြတယ်။

ခန္ဓာကိုယ်တွင်းကို ရှင်းလင်းလိုက်တာဟာ ရေတပ်သားတို့ရဲ့ အသက်ကို ကယ်ရာရောက်ခဲ့တယ်။

'ကိုရီးယား ဇင်ဘုန်းကြီး Bopjong'm Walden ရေကန်ဘေးမှာနေခဲ့တဲ့ David Thoreau လို တစ်ယောက်တည်း တောထွက်ခဲ့တယ်။ (David Thorea က ရေးခဲ့တဲ့ Walden စာအုပ်က ကမ္ဘာကျော်ပါတယ်)။ ဆင်းရဲပင်ပန်းပေမယ့် ရိုးရှင်းစွာ ရှင်သန်နေရခြင်းထက် ဘယ်အရာကမှ အရေးမကြီးတာကြောင့် သူ ကျေနပ်ခဲ့တယ်။ ဘဝရဲ့ အမှန်တရားကို စူးစမ်းရှာဖွေနိုင်ရုံတင်မက အတွင်းစိတ် ရှုခင်းကိုပါ တကယ် တွေ့မြင်ခံစားရတယ်။ သူ သီတင်းသုံးတဲ့နေရာက ဆောင်း တွင်းမှာ အပူချိန် သုညအောက် ၂၀ ရှိတယ်။ မြေပြင်အနေအထားက အလွန်မြင့်ပြီး စမ်းချောင်းနဲ့ နီးတာကြောင့် အလွန်အေးပါတယ်။ ဆောင်းအခါမှာ ချောင်းရေတွေ အေးခဲသွားပြီး ရေရဖို့ ရေခဲတွေကို ထုခွဲရတယ်။ ထုခွဲပြီးပြီးချင်း ရေက အေးခဲသွား ပြန်ပါတယ်။

အဲဒီလို ပတ်ဝန်းကျင်မှာ ဘုန်းကြီးဟာ စိတ်ချမ်းသာ ကျေနပ်စွာ သီတင်း သုံးနေထိုင်ခဲ့တယ်။ လောကီချမ်းသာ ကျော်ကြားမှုအားလုံးကို စွန့်ပြီး ဘုန်းကြီးဟာ ကိုယ့်ကိုယ်ကိုယ် ကမ္ဘာဦးလူသားလို တောတောင်ထဲမှာ ဆောင်း ထွက်ခွာသွားတာ နွေဦး ပြန်လာတာကို ကြည့်တယ်၊ ပန်းတွေ ဖူးပွင့် ကြွေလွင့်တာကို ကြည့်တယ်၊ စိတ်က ကျယ်ပြန့် ရှင်းလင်းပြီး ပြည့်စုံနေခဲ့တယ်။ တစ်ယောက်တည်း ခြံနံပါတ်၊ အိမ်နံပါတ် မရှိတဲ့နေရာမှာ နေထိုင်ခဲ့ပေမယ့် ကိုရီးယားလူမျိုးတို့ရဲ့ စိတ်ဓာတ်ရေးရာ ဆရာတစ်ဆူ ဖြစ်လာခဲ့တယ်။

စိတ်နှလုံးအိမ်ကို ဗလာဖြစ်အောင် ရှင်းလင်းလိုက်တာဟာ ဘုန်းကြီးရဲ့ စိတ်ဝိညာဉ်ကို ပိုကျယ်ပြန့်စေခဲ့တယ်။

လက်ဘနွန်စာရေးဆရာ Kahlil Gibran ကပြောတယ် "တကယ်လို့ ပါးစပ်ထဲမှာ အစာပြည့်နေရင် ဘယ်လိုလုပ် သီချင်းဆိုမလဲ" တဲ့။ ဟုတ်ပါတယ်၊ ပန်းကန်အလွတ်ကမှ ထမင်းထည့်လို့ရတာပါ။ ဖန်ခွက်အလွတ်မှ ရေထည့်လို့ရတာ ပါ။ ပုလွေအလွတ်မှ အသံထွက်တာပါ။ စိတ်က ကွက်လပ်ဖြစ်နေမှ အသိပညာတွေကို စိုက်ပျိုး ရယူနိုင်တာပါ၊ ဘဝကို ခံစားနိုင်တာပါ။

mgyoe.com

ကျွန်တော်တို့ရဲ့စိတ်က ပြည့်သထက် ပြည့်နေပြီး ဘဝကို ခံစားနိုင်စွမ်း တဖြည်းဖြည်း ဆုံးရှုံးလာနေခဲ့ပါတယ်။ ပင်ကိုစရိုက်အသိဉာဏ်နဲ့ ငါ လိုချင်သေးတယ်၊ မလောက်သေးဘူးလို့ ကိုယ့်ကိုယ်ကိုယ် ပြောနေခဲ့တယ်။ နေအိမ်တစ်လုံးပြီး တစ်လုံး ရချင်ခဲ့တယ်။ နေအိမ်ရှိလာတော့ တိုက်အမြင့်ကို တောင့်တပြန်တယ်။ Alto တံဆိပ်ကားရှိလာတော့ Citroen ကားကို လိုချင်ပြန်တယ်။ Citroen ကား ရှိလာပြန်တော့ Rolls-Royce ကားကို တမ်းတနေပြန်တယ်။

ကျွန်တော်တို့ အလေးထားတာက ကျွန်တော်တို့ လုံလုံလောက်လောက် ရရဲ့လား၊ ရောက်နေတဲ့နေရာ အရေးပါရဲ့လား၊ ရာထူးအာဏာကြီးရဲ့လား။ အလိုရမွက်နဲ့ ကိုယ့်ကိုယ်ကိုယ် ဖောသွပ်နေအောင် 'ကျွေးမွေး' ထားလိုက်ကြတယ်။

စိတ်ဝိညာဉ်မှာ ဖုန်ကပ်တာများလာတော့ လောကကြီးလည်း မှုန်မှိန်းသွားတယ်။

လူဟာ ဘဝထဲက အပိုင်းအစ အပိုတွေကို ပစ်ထုတ်ရတယ်။ စိတ်ကို ဗလာထားမှ သဘာဝရဲ့ အသံကို ကြားနိုင်တယ်။ ပြတင်းပေါက်ကို ဖွင့်ထားမှ လေတွေ တိုးဝင်လာနိုင်သလိုမျိုးပေါ့။

စိတ်အမှိုက်ပုံးကို ရှင်းလင်းမှ ကံတရားရဲ့'မေတ္တာစာ' ကို ကျွန်တော်တို့ ပိုလက်ခံရရှိမှာဖြစ်တယ်။ အတိတ်ကို ရှင်းလင်းပစ်တာဟာ အနာဂတ်ကို စုဆောင်းဖို့ လုံလောက်တဲ့ နေရာလွတ်ရှိဖို့ ဖြစ်တယ်။ ဘဝရဲ့နေထိုင်မှု အကျင့်စရိုက်ကို C drive ထဲမှာ ကျွန်တော် သိမ်းထားတယ်။ မိသားစု၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်း ယောင်းရင်းတွေကို D drive ထဲ ကျွန်တော် သိမ်းထားတယ်။ အလုပ်၊ ဥစ္စာပစ္စည်းတွေကို E နဲ့ F drive ထဲ သိမ်းထားတယ်။ အဲဒီနောက် ဦးနှောက်ထဲမှာ အချိန်နဲ့လိုက်ပြီး အနယ်ထိုင်နေတဲ့ အမှိုက်တွေ အားလုံး ရှင်းလင်းပစ်လိုက်တယ်။ ဖိအားများ စက်လေးပြီး ခဏခဏ စက်ရပ်သွားမှာစိုးလို့ ဖြစ်တယ်။ ရှင်းလင်းပြီးနောက် ကိုယ့်ကိုယ်ကိုယ် recovery ခလုတ် တစ်ချက်နှိပ်တယ်။ ၁၉၇၄ ခုနှစ် ဧပြီလ ၅ ရက် ကျွန်တော့်မွေးနေ့ကို ပြန်ရောက်သွားအောင်လို့ပါ။ အဲဒီလိုနဲ့ နောက်တစ်ရက်မှာ နိုးထလာတဲ့အခါ ကျွန်တော်ဟာ မွေးကင်းစကလေးတစ်ယောက် ဖြစ်သွားတယ်။ အဲဒီအခါ လူတိုင်းဟာ အကြင်နာမေတ္တာ ပြည့်ဝသူအဖြစ် ကျွန်တော် တွေ့မြင်လာတယ်။ မွေးကင်းစ ကလေးတစ်ယောက်မှာ ရန်ငြိုးဆိုတာ ဘယ်ရှိလိမ့်မလဲ။ အဲဒီအချိန်အခါမျိုးမှာ ငှက်အော်သံ၊ ပန်းလေးတစ်ပွင့်ကလည်း လူကို ပြောမတတ်အောင် ကြည်နူးဝမ်းမြောက်စေပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


စိတ်ဆိုတာ စာတိုက်ပုံးတစ်ခုနဲ့ တူတယ်။ အချိန်မှန်မှန် ရှင်းလင်းရေး လုပ်ရပါတယ်။ ဒီလိုမှမဟုတ်ရင် တွေးတောမှုအရှိန်ကို နှေးစေနိုင်သလို ပျံသန်းလိုတဲ့ အတောင်ပံကိုပါ လေးလံစေပါတယ်။

*မူရင်းရေးသားသူ... Zhu Cheng Yu*

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကလေးဘဝကကိုယ့်ကို ကျွန်တော်ပွေ့ဖက်ချင်တယ်

ကျွန်တော် ငယ်ငယ်က လုံးဝမပျော်ခဲ့ဘူး။ တော်တော်ကို မပျော်ခဲ့တာပါ။ ငယ်ငယ်တုန်းက လောကဟာ ကျွန်တော့်အတွက် မဟုတ်ဘူးလို့ ကျွန်တော်ထင်ခဲ့တယ်။ ဒါပေမဲ့ ဒီလောကကနေ ကျွန်တော် ထွက်ပြေးလို့ မရခဲ့ဘူး။ ထွက်ပြေးဖို့ ကျွန်တော် အင်အားရှိ မရှိ၊ ထွက်ပြေးရကောင်းမှန်း နားလည် မလည်လည်း ကျွန်တော်ဟာ အထဲမှာ ပိတ်မိနေခဲ့တယ်။

ကျွန်တော် အဒေါ် အိမ်သွားတော့ ဖန်ခွက်တစ်လုံးနဲ့ ရေထည့်သောက်မိတယ်။ ရေသောက်နေတုန်းမှာ အဒေါ် ကလာပြီး ဖန်ခွက်ကို ယူသွားတယ်။

"ဒီခွက်က ပါးပါးလေး၊ ဈေးကြီးတယ်" ဆိုပြီး အခြားခွက်ထူ၊ ခွက်ကြမ်းကြီးတစ်လုံး ကျွန်တော့်ကိုပေးတယ်။ အဲဒီလိုခံစားချက်က ဒီလောကမှာ ကျွန်တော့်ကို ကြိုဆိုတဲ့ နေရာတစ်နေရာ၊ လူတစ်ယောက် မရှိဘူးဆိုတဲ့ ခံစားချက်ပါ။ လူကြီးတွေက ကျွန်တော့်အပေါ် ယုံကြည်စိတ် နည်းနည်းမှ မရှိခဲ့ကြပါဘူး။

အပြင်လောကအပေါ် ကျွန်တော် မတတ်နိုင်၊ အင်အားမရှိတော့ ကိုယ့်ကမ္ဘာလောကထဲပဲ ကျွန်တော် ပြန်နေခဲ့တယ်။ ကျွန်တော့်ကမ္ဘာထဲမှာ တစ်ခုက ပုံဆွဲတာနဲ့ နောက်တစ်ခုက ပိုးကောင်တွေပဲရှိတယ်။ ခြံဝင်းထဲမှာ ရှိရှိသမျှ ပိုးကောင်တွေနဲ့ ကျွန်တော် ဆော့ကစားခဲ့ဖူးတယ်။ အဲဒီပုံရိပ်ကို ကျွန်တော် ခုထိမြင်ယောင်တုန်းပဲ။ ကလေးငယ်တစ်ယောက် ခြံစည်းရိုးထောင့်မှာထိုင်ပြီး ခဏနေ ဟိုထောင့်

mgyoe.com